
နှမ်ဂျဂသိုင်း
သရုပ်ဖော်မြန်းကျော်အောင်ဇော်တိုက်
အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ

# အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ

အချစ်ဆိုတာ

ကမ္ဘာပေါ်မှာ အလှဆုံးအရာပါ၊

အလှဆုံးအရာမို့လဲ

အမွေးပျံ့ဆုံးရနံ့လဲ ရှိရမှာပါ၊

ဒါကြောင့်မို့

အချစ်နဲ့ပတ်သက်လာရင်

အအေးမြဆုံးဆိုတဲ့အရသာသာ ရှိသင့်တာပေါ့၊

သည်လောက် ငြိမ်းချမ်းလှတဲ့

အလှပစ္စည်းလေးတစ်ခုဟာ

ဘာမဟုတ်တဲ့ အခုအခံ တရားလေးတွေကြောင့်

အပူလောင်ဆုံးအရသာ ပေးနိုင်တဲ့

အန္တရာယ်လက်နက်တစ်ခု ဖြစ်လာရင်....

ဒါမှမဟုတ်

စိတ်နှလုံး အကျဉ်းကျပ်ဆုံး ဖြစ်စေမယ့်

လှောင်အိမ်နရသိန် ဖြစ်လာရင်....

ဒါမှမဟုတ်

အပင်ပန်းဆုံး လျှောက်လှမ်းရမယ့်

ခရီးလမ်းမတစ်ခုရဲ့ ခလုတ်ကန်သင်းတွေ ဖြစ်လာရင်.....

ဒီ အခုအခံဆိုတဲ့ တရားတွေကို

တို့အားလုံး ဝိုင်းဝန်းချေမှုန်းပစ်ရမှာပဲ၊

ဒီအတွက်

ရင်းနှီးရမယ့် အတိုင်းအတာကို တွက်စရာမလိုဘူး၊

အချစ်ရဲ့ ချစ်စရာတရားကိုယ်သဘောလေး

မပျက်စီးရအောင်....

တို့ရဲ့....

အသည်းနှလုံးနဲ့လဲ ရင်းပြီးကာကွယ်မယ်၊

တို့ရဲ့....

ပျော်ရွှင်ကြည်နူးမှုလေးတွေနဲ့လဲကာကွယ်မယ်၊

တို့ရဲ့

အချစ်တစ်ခုကိုဖျက်စီးပြီးလဲ ကာကွယ်မယ်၊

တို့လိုချင်တာ....

အချစ်ရဲ့အေးမြခြင်း

အချစ်ရဲ့လှပခြင်း

အချစ်ရဲ့မွှေးပျံ့ခြင်းပဲ၊

ဘာဖြစ်လို့လဲဆိုတော့....

အချစ်နဲ့ပတ်သက်တဲ့ လူအားလုံးအတွက်

တို့မှာ ဆုတောင်းပေးစရာလေးတစ်ခု

အမြဲတမ်း အဆင်သင့်ရှိနေလို့ပဲပေါ့....

အဲဒီ ဆုတောင်းလေးက

“အားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေ....”လို့....။

**နှမ်ဂျာ**

*

# အပိုင်း တစ်

## (၁)

“ဟော့လူ....တယောက်ထဲ ပြုံးလိုက်၊ ခေါင်းညိတ်လိုက်နဲ့ ဘာတွေ သဘောကျနေတာလဲ”

မျက်နှာချင်းဆိုင်စားပွဲမှ ကိုစိုးမြင့်အသံကြောင့် ချစ်ကိုကို ဆတ်ကနဲ တုန်သွား၏။ သူ့စိတ်ကူးထဲတွင် သူ့ ဘာသာ ကြည်နူးနေသော အတွေးမှာ ဘယ်ရောက်သွားမှန်းမသိ ဖြစ်သွားသည်။

သူက ရယ်ကျဲကျဲလုပ်ရင်း....

“မဟုတ်ပါဘူးဗျာ၊ မနေ့ကဖတ်ထားတဲ့ဂတ္တု သတိရလို့ သဘောကျနေတာပါ”

ကိုစိုးမြင့်က သူ့အကြောင်းသိပြီးသားမို့ ဆက်မပြောပဲရယ်နေလိုက်သည်။ သို့သော် အနားက စားပွဲမှ ကို တင့်ဆွေက ဝင်ပြီး....

“အဲဒါပေါ့ဗျ....စားမြို့ပြန်တယ်ဆိုတာ၊ အောက်မေးလေး ဘေးတိုက်လှုပ်နေတာ မတွေ့ဘူးလား”

အခန်းထဲတွင် ရယ်သံများ ဆူညံသွားသည်။ ကိုချစ်ကိုကိုက ကိုတင့်ဆွေကို လှမ်းမျက်စောင်းခဲပြီး....

“အေးပါ....ပြောထားပါ၊ ခင်ဗျားသတိထား၊ ကျုပ်မင်္ဂလာဆောင်ကျယင် ခင်ဗျားကို မဖိတ်ပဲ ထားခဲ့မယ်”

ကိုတင့်ဆွေက အားရပါးရရယ်ယင်း....

“ဒါပါနဲ့ဆို ခင်ဗျား ကျွန်တော့်ကို ဒီလိုကြိမ်းတာ

အခါလေးဆယ်လောက်ရှိပြီ၊ ကျွန်တော် သေချာမှတ်ထား တယ်”

အားလုံးဝိုင်းရယ်ပြန်သည်။ ကိုချစ်ကိုကိုကလည်း လိုက်ရယ်ရင်း....

“အေးပေါ့ဗျာ....ကိုယ့်ဘက်က မပိုင်သေးတော့လဲ ခင်ဗျားတို့ပြောတာ ခေါင်းငုံ့ခံရုံပေါ့။ ဒါပေမယ့် ခုကိစ္စမှာ တော့ ဘာလက်ဖွဲ့ရင်ကောင်းမလဲဆိုတာ ကြိုစဉ်းစားထားရင် ပိုကောင်းမယ်”

“အေးပါဗျာ....ဟုတ်ပဲ ဟုတ်ပါစေ၊ ကျုပ်ဘက်ကတော့ စိတ်ချ၊ ခုတည်းက ခင်ဗျားကို လက်ဖွဲ့ဖို့ ဦးပန်ချာကို စရန်ပေးပြီးသား”

“ဟာ....တောက်တီး တောက်တဲ့”

ရယ်သံများ ပေါ်လာပြန်သည်။ အရာရှိအခန်း အနီးမှ ကိုမြင့်သိန်းက မျက်လုံးပြူးပြီး နှုတ်ခမ်းရှေ့တွင် လက်ညှိုးကပ်၍ ရှူးရှူးလုပ်ပြ၏ ။

လက်မကို ကော့၍ လည်း အရာရှိအခန်းဘက် လက်ညှိုးထိုးပြသည်။ အားလုံး ခေါင်းငုံ့၍ ရယ်သံကို လျှော့ လိုက်ကြ၏ ။

ကိုတင့်ဆွေက ခပ်တိုးတိုးလေသံဖြင့်....

“ဟုတ်တယ်....ခပ်တိုးတိုးလုပ်ကြ၊ အဘိုးကြီး မနက်တဲက မျက်နှာ သိပ်မကောင်းဘူး၊ အိမ်မှာ ဘာဖြစ်လာ လဲမသိဘူး၊ ပွမ်နေအုံးမယ်”

သူ့စကားကို တစ်ဖက်စားပွဲမှ စာရေး မခင်စန်းကလည်းဝင်၍

“ကျွန်မ တွေ့လိုက်တယ်၊ ရာသီဥတု သိပ်မကောင်းဘူး၊ ခပ်တိုးတိုးလုပ်ကြ”

စကားအရှိန်သတ်လိုက်....သတ်လိုက်ချင်း ကိုချစ်ကိုကိုစိတ်ထဲ တစ်စုံတစ်ခုကို သတိရလိုက်သည်။ လက်မှ နာရီကိုလည်း ဖြတ်ကနဲငုံ့ကြည့်လိုက်၏ ။

ဆယ်နာရီ လေးဆယ့်ငါး။

သူ့စိတ်ထဲ ကျေနပ်သွားသည်။

နေ့လယ်ရုံးဆင်းရန် ဆယ့်ငါးမိနစ်သာလိုတော့သည်။ ဘာလိုလိုနှင့် အေးမာတို့ ဖယ်ရီကို ထွက်စောင့်ရန် သိပ်မလိုတော့။

အတွေးနှင့် ရင်တဒိတ်ဒိတ်ခုန်လာ၏ ။

သို့သော် ဒီကိစ္စကိုတော့ အခန်းထဲမှာ ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားရသည်။

သူတို့ အခန်းတွင် အသက်နှစ်ဆယ့်ခြောက်အထက်လူများသာရှိရာ တစ်ယောက်မှ သူ့လို ဆယ့်ခုနစ်နှစ် လောက် ကောင်မလေးမျိုးကို ကြံနေသူမရှိ၊ သိသွားရင် အလကားနေရင်း ဘွဲ့တစ်ခု ထပ်တိုးလာမှာ စိုးရိမ်ရသည်။ တိုးလာမည့်ဘွဲ့က နှံပြည်စုတ် အမြောက်နှင့်ချိန်သူ ကိုချစ်ကိုကိုဆိုသောဘွဲ့။

*

"သြော်....ကလေးဆန်လွန်းသူ အမိုက်ကလေးကိုမှ ကိုယ်က ချစ်မိသူပါကွယ်"

ရုံးအဝင်ဂ ကွမ်းယာဆိုင်လေးတွင် ဆေးပေါ့လိပ်တစ်လိပ်နှင့် သီချင်းလေးတစ်အေးအေး ညည်းရင်း ဖယ်ရီ ကားအလာကို မျှော်နေမိသည်။

"ပတ်ဝန်းကျင် အသိုင်းအဝိုင်း ကကွယ်၊ ပြောချင်တာတွေလဲ ပြောကြပါစေကွယ်"

သူ့သီချင်းနှင့် သူ အံကျဖြစ်ကာ ဒူးလေးတစ်နှန့်နှန့်လုပ်၍ ခန္ဓာကိုယ်က ငြိမ်းအေးနေ သော်လည်း ကိုချစ်ကို ကို၏ မျက်လုံးများမှာမူ အနည်းငယ်မျှပင် ဂနာမငြိမ်၊ ရုံးရှေ့မှ ဖြတ်သွားသမျှကား၊ အသွားကား၊ အလာကား၊ ဘယ်ကားမှ မကျန် တံခါးပေါက်စေ့ လိုက်ကြည့်နေမိ၏ ။

ဒါတောင် သိပ်မကျေနပ်ချင်။

ကိုယ်မမြင်ရသည့် တစ်ဖက်ခြမ်း၌ ပါသွားလျှင် သေရောဟု စိုးရိမ်တကြီးပူနေမိသည်။ ဖြစ်နိုင်လျှင် ကိုယ်ကို နှစ်ခြမ်းခြမ်း၍ လမ်းဟိုဘက်တွင် တစ်ခြမ်း၊ သည်ဘက်တွင်တစ်ခြမ်း စောင့်ကြည့်ချင်စိတ်ပင်ပေါ်နေ၏ ။

သို့သော် အတွေးတစ်ခုက သည်အကြံကို လာဖျက်ပြန်သည်။ ရုံးရှေ့တွင် သူရှိနေတတ်သည်ဆိုသဖြင့် ဘယ်နည်းနှင့် မဆို၊ အေးမာသည် ဟိုဘက်ခြမ်းမှ ပါမလာနိုင်၊ သူရှိရာဘက်မှပင် ပါလာရမည်ဟု သူ တထစ်ချ ယုံကြည်ထားသည်။

ထို့ကြောင့် ကိုယ်နှစ်ခြမ်း ခွဲမည့် အစီအစဉ်ကို ချက်ချင်းဖျက်ပစ်လိုက်၏ ။ သည်ဘက်က ပါလာဖို့ သေချာ မည့် ဥစ္စာ၊ တော်ကြာ သူလာသည့်အခါ ကိုယ်တစ်ခြမ်းပြတ်ကြီး သူတွေ့သွားလျှင်လည်း မကောင်း၊ ကိုယ်ကလည်း မျက်လုံးတစ်ဖက်သာကြည့်ရတော့မည် ဖြစ်ရာ ဘယ်ဘက်ကမှ အကျိုးမရှိဟု

တွက်လိုက်မိသည်။

ခက်သည်က အေးမာ ဘာကားစီးလာမည်၊ ဖယ်ရီကားက ဘယ်လို ကားမျိုးဆိုတာ သူမသိ။

ဒီ့အတွက် ဗယ်မှလာသည့် ကားလည်း ဖြစ်နိုင်သည်။ ညာမှလာသည့် ကားလည်း ဖြစ်နိုင်သည်။ ကား ဖြူလည်း ဖြစ်နိုင်သည်၊ ကားနီလည်း ဖြစ်နိုင်သည်၊ ကားကြီးလည်း ဖြစ်နိုင်သည်၊ ကားသေးလည်း ဖြစ်နိုင်သည်။

ဘီးပါသော ကားမှန်လျှင် အကုန်ဖြစ်နိုင်နေသဖြင့် ကားဆိုလျှင် ဆိုက်ကားတောင် မျက်စိအောက်မှ မလွတ် ရအောင် အထူးဂရုထား ကြည့်နေရ၏ ။

"ဟော့လူ...."

ဘုတ်ကနဲ ပခုံးလာပုတ်ခြင်း ခံလိုက်ရသဖြင့် ကိုချစ်ကိုကိုလန့်သွားပြီး ပခုံးပုတ်သူကို မော့ကြည့်လိုက် သည်။ ကိုစိုးမြင့်နှင့် ကိုတင့်ဆွေ။

"ဟာဗျာ....လန့်သွားတာပဲ"

"လန့်သွားရအောင် ခင်ဗျားက ဘာတွေ မဟုတ်တရုတ်တွေးနေလဲမှမသိတာ၊ လာ လက်ဖက်ရည် သွားသောက်ရအောင်"

ဝတ်ကျေတမ်းကျေမျှ ပြန်ဖြေနေရသော်လည်း သူ့စိတ်သည် ကိုးစိုးမြင့်တို့ထံမှာ မရှိ။ ကားပြတင်းပေါက် တစ်ခုခုကို မကြည့်မိပဲ လွတ်သွားမည်ကို စိုးရိမ်စွာဖြင့် အငမ်းမရ ကြည့်နေမိသည်။

ကိုစိုးမြင့်က သူ့ကို အကဲခတ်ရင်း ခပ်ပြုံးပြုံးလုပ်၍ ....

"ဟုတ်လား....ခုန ခင်ဗျား သောက်သေးသလား"

သူက ကားများဆီမှ မျက်လုံးမခွာ။

"ဟုတ်ကဲ့"

“ဟား....ဟား....ဟား”

ကိုစိုးမြင့်နှင့် ကိုတင့်ဆွေထံမှ ရယ်သံများပေါ်လာသဖြင့် သူ အလန့်တကြား လှည့်ကြည့်လိုက်သည်။ ထိုလူ နှစ်ယောက်ကတော့ သဘောကျစွာ အားရပါးရရယ်နေ၏ ။ သူက မျက်မှောင်ကြုံ့ရင်း....

“ဘာဖြစ်လို့ ရယ်တာလဲဗျ”

“ဩော်....ခုန ခင်ဗျား သောက်သေးတယ် ဆိုလို့ပါ”

သူ အူကြောင်ကြောင်ဖြစ်သွားသည်။ သူတို့ စကားများအပေါ် အာရုံက သိပ်မရောက်ချင်သဖြင့် ဘာအ ဓိပ္ပာယ်မှန်း သူ စဉ်းစားမရ။ ကိုတင့်ဆွေက ဝင်၍ ....

“ခင်ဗျားဗျာ ဒီအရွယ်ကြီးကျမှ သောက်သေးတယ် ဆိုတာတော့ မကောင်းပါဘူး”

ပြောရင်းနှင့် သူတို့က ရယ်ကြပြန်သည်။ သည်တော့မှ သူတို့က စကားလိမ်ဖြင့် နောက်လိုက်ကြောင်း သိ လိုက်သည်။ ဟုတ်သားပဲ၊ သောက်သေး....သူက မကြည်သလို အကြည့်ဖြင့်ကြည့်ပြီး....

“ဟာဗျာ....နေစမ်းပါ ခင်ဗျားတို့ကလဲ ဒီမှာ ကိုယ့်ပြဿနာနဲ့ကိုယ် ရှုပ်နေရတဲ့အထဲ၊ သွား သွား....ခင်ဗျား တို့ဘာသာ ခင်ဗျားတို့သွားသောက်၊ ကျွန်တော် ခဏနေလိုက်လာခဲ့မယ်”

“ဩော်...ခင်ဗျားလဲ ခုထိဒုက္ခခံနေရတုန်းနော် သွပ် သွပ်”

ကိုစိုးမြင့်နှင့် ကိုတင့်ဆွေတို့က နောက်ရင်းနှင့် ထွက်သွားသည်။ သည်တော့မှ ကမန်းကတန်း ကားများထံ သူပြန်ကြည့်၏ ။

စိတ်ထဲတွင်လည်း ပူကနဲ ဖြစ်သွားသည်။

ဟိုလူတွေနှင့်စကားပြောနေချိန်တုန်းကများပါသွားပလား၊ ဒုက္ခပါပဲ ဒီလူတွေက တကယ်ရှုပ်တာပဲ၊ ဘုရားမ လို့ ပါမသွားပါစေနဲ့အုံး၊

ပူပန်သောမျက်လုံးများသည် ကားပြတင်းပေါက်များဆီ ပြန်ရောက်သွား၏ ။

ထိုစဉ် ဘတ်စ်ကားအနီကြီးတစ်စီး သူ့အနီးသို့ ရောက်လာသည်။

“ဦး....လေး....ကြီး....”

တစ်ကားလုံး သံပြိုင်အော်လိုက်သံ ကြားရ၏ ။

သူ့ခေါင်းမှ ဆံပင်များ ထောင်ထသွားသည် ထင်လိုက်ရသည်။

“ဦး....လေး....ကြီး”

တစ်ကားလုံး၏ မျက်လုံးများသည် သူ့ထံ ရောက်နေ၏ ။ ကောင်မလေးအားလုံး၏ မျက်နှာကလည်း ပြုံးစေ့ စေ့။ တချို့က သူ့ကိုကြည့်၍ ပါးစပ်ကို လက်ကိုင်ပဝါဖြင့် အုပ်ကာ ရယ်နေသည်။

ကားပေါ်တွင် အေးမာကို ရှာမတွေ့။

ထိုစဉ် ကားထဲမှ စီကနဲအသံတခုကိုကြားလိုက်ပြီး ကောင်မလေးများသည် လက်ခုပ် ညီညီတီး၍ သီချင်း တစ်ပုဒ်ကို သံပြိုင်ဆိုတော့၏ ။

“အဖိုးကြီးအို ခါးမကုန်းပါ၊ ဆံမဖြူ သွားမကျိုးသေး၊ မျက်စိမှုန်တာ နည်းနည်းပါ၊ ထွက်ပြလိုက်ပါ....အေး”

ကိုချစ်ကိုကို မျက်နှာတစ်ခုလုံး ထူပိန်းသွားသည်။ သူတို့ဖြစ်နေပုံကြောင့် လမ်းသွားလမ်းလာများကပင် ရပ်၍ ကြည့်နေကြ၏ ။ ကားသမားကိုလည်း ပြောထားသလားမသိ။ ကားဆရာက ဖြည်းဖြည်းမောင်းပေးသည်။

အေးမာလက်ချက်ဟု သိသာသည်။ သို့သော် အေးမာကို မတွေ့။

အသံစာစာလေးများ ပေါ်ထွက်လာပြန်သည်။

“အဖိုးကြီးအို....ခါးမကုန်းပါ....ဆံမဖြူ သွားမကျိုးသေး၊ မျက်စိမှုန်တာ နည်းနည်းပါ.... ထွက်ပြလိုက်ပါ.... အေး”

သီချင်းအဆုံး ကားပြတင်းပေါက်နားတွင် ခေါင်းငုံ့နေဟန်တူသော အေးမာက ဖြတ်ကနဲ ခါးဆန့်ခေါင်းမော့ သည်။

အေးမာအပြုံးကို မြင်လိုက်ရသည့် ခဏတွင် သူ့မျက်နှာသည် ချက်ချင်း ပြုံးဖြီးဖြီး ဖြစ်သွား၏။

"ဟေး...."

ကားပေါ်တွင် လက်ခုပ်သံများ၊ အော်ဟစ်သံများ ဆူညံသွား၏။

အေးမာက ခေါင်းအနည်းငယ် ထွက်ပြီး....

"ကိုကို....ရော့....စိတ်မဆိုးနဲ့ နော်"

ဘုတ်ကနဲ သူ့ရင်ဘတ်ကို စက္ကူထုပ်လေးတစ်ခု လာထိ၏။ ရင်ဘတ်ထိ၍ ကျသွားသော စက္ကူထုပ်လေးကို ကပျာကယာသူဖမ်းလိုက်သည်။

"ဟေး"

ဟေးကနဲ အော်သံများ ဆူညံသွားသည်။ သည်တစ်ခါ အဟေးတွင် ကားက သူ့ကို ကျော်သွားပြီဖြစ်သဖြင့် တစ်ကားလုံး ခေါင်းထွက်လက်ပြသည်။

သူကပျာကယာလက်ပြန်ပြလိုက်၏။ သူ့မျက်နှာပေါ်တွင် ဆေးသကြားတစ်ပိဿာလောက် လောင်းချထား သည့် အလား။

ထိုစဉ် ကားပေါ်မှ အသံစူးစူးလေးတခု ကြားလိုက်ရသောကြောင့် သူတွန့်ကနဲ ဖြစ်သွားသည်။ အေးမာ အ သံ မဟုတ်၊ အတော်ညစ်ပတ်သည့် အယုတ်တမာ မလေး....။

"ဦးလေးကြီး၊ ဖမ်းတတ်တယ်နော်၊ အဟွာ မဖြစ်ဘူး"

ကားပေါ်မှ ရယ်သံများ တဖြည်းဖြည်းဝေးသွား၏။

"ဟော့လူ၊ ဘယ်လိုဖြစ်တာလဲ"

အနားသို့ရောက်လာသော ရုံးမှ လုံခြုံရေးအမှုထမ်း သူ့မိတ်ဆွေ ကိုပုက မေးသည်။ သူက ရယ်ကျဲကျဲဖြင့် ခေါင်းခါရင်း-

"ဩော်....မဟုတ်ပါဘူး၊ ကားပေါ်မှာ ကျွန်တော့်တူမ ပါလာလို့ ဝိုင်းနောက်ကြတာပါ"

"မသိပါဘူးဗျာ....ဘာများလဲလို့"

ကိုပုပြန်ထွက်သွားမှ သူလည်း ရုံးဝင်းထဲ ကမန်းကတန်းပြန်ဝင်လာရ၏ ။ သူ့စိတ်ထဲ တွင်လည်း စောစောက ကိုပုကို အလွယ်တကူပြောလိုက်ရသောစကားကို ပြန်ကြားမိပြီး ခိုးလိုးခုလုဖြစ်သွားသည်။

"ကားပေါ်မှာ ကျွန်တော့်တူမ ပါသွားလို့...."

"ဖွဟဲ့ လွဲပါစေ....ဖယ်ပါစေ" ဟု စိတ်ထဲက ခပ်တိုးတိုးရေရွတ်လိုက်သည်။

*

"ဟဲ့....အေးမာ၊ နင့်လူကြီးက သဘောကောင်းပါတယ်ဟဲ့၊ တို့စတာ စိတ်မဆိုးတဲ့ပြင် ရယ်တောင်ရယ်နေ သေး"

တခစ်ခစ်နှင့် သဘောကျစွာရယ်နေကြသော အေးမာအား နောက်ဘက် တစ်ခုံကျော်မှ ဂျမ်းက လှမ်းပြော လိုက်၏ ။

"အေးဟယ်....ငါတော့ သနားတောင် သနားသွားတယ်"

သူ့ဘေးမှ ဖြူဖြူသွယ်နှင့် အိကလည်း ဝင်ပြောသည်။

"သနားရင် သွားကြိုက်လိုက်ပါလား အိရဲ့၊ ဖြစ်နေလိုက်တာ"

အေးမာက မျက်စောင်းထိုးပြီး အိကိုပြောလိုက်သည်။ အိက သူ့မျက်ပေါက် ကျဉ်းကျဉ်းလေး ပိတ်သွား အောင် ရယ်ရင်းနှင့်....

"ငါကြိုက်ပေမယ့်၊ နင့်ဦးလေးကြီးက ငါ့ကြိုက်တာ မဟုတ်ဘူး အေးမာရဲ့၊ နင့်မှတဲ့၊ ငါ့တူမကြီးမှ ဖူးလေးက ချစ်တာ....၊ ဖူးလေးက တကယ်ယူမှာပါ တူမကြီးရယ်၊ ငှဲငှဲ"

အိက အသံဗလုံးဗထွေးနှင့် လူကြီးသံတမင်လုပ်၍ ပြောလိုက်သည်။ အေးမာက သူ့ပခုံးကို ရိုက်လိုက်ရင်း-

"သွား....ဒီအသံကြီးနဲ့ မပြောစမ်းပါနဲ့ အိရာ၊ ငါ ဒီအသံမျိုး ရုပ်ရှင်ထဲမှာတောင် သိပ် အမြင်ကတ်တာပဲ"

ရယ်သံများ ဆူညံသွားပြန်သည်။

"ငါက စိတ်ဆိုးပြီး ကားကို ခဲနဲ့ထုမလား အောက်မေ့ပြီး လန့်နေတာ"

သူ့ရှေ့မှ ခင်ချိုသန်းက လှည့်၍ ပြောသည်။

အေးမာက ရယ်လိုက်ပြီး....

"ငါ့ကိုကိုက သဘောကောင်းပါတယ်ဟာ၊ ဒီလိုမဟုတ်ပါဘူး၊ မတွေ့ဘူးလား၊ ပေါတောတောကြီး ဥစ္စာ"

"ဟယ်....လူကြီးကို"

သူ့စကားအဆုံး အိက ပခုံးကို လှမ်းရိုက်ရင်းဆဲလိုက်သည်။ ထိုစဉ် နောက်ဘက်မှ ဂျမ်းကလည်း လှမ်း ပြောသည်။

"ဟုတ်သားပဲ၊ အေးမာကလဲ ကိုယ့်ဦးလေးကို ကိုယ် ဒီလိုပဲ ပြောရသလား၊ ဦးလေးကြီးက ချောလဲ ချောပါ တယ်ဟဲ့၊ လူကြီးဆိုတော့ နည်းနည်းတော့ ပေါတာပေါ့"

“အေး….ဟုတ်ပါတယ်၊ ပေါ်တော့….ပေါ်တာပေါ့၊ ဒါပေမယ့် မပေါ်ဘူး”

သူ့နောက် ကပ်ရက်ထိုင်ခုံမှ မိသွယ်ကလည်း ဝင်ရွှတ်သည်။

အေးမာက တစ်စုံတစ်ခုကို သတိရပြီး အားလုံးကြားအောင် အော်ပြောလိုက်၏ ။

“ဟဲ့….နင်တို့ နေ့တိုင်းတော့ မနောက်နဲ့နော်၊ အဲဒါ စုလတ်အစ်ကိုဆိုတာ သတိထားအုံး၊ တော်ကြာ စုလတ် ဒေါကန်နေအုံးမယ်”

ပြောသာပြောသည်၊ စုလတ်အကြောင်း သူက သိပြီးသားမို့ သိပ်တော့ စိတ်မပူ။ ဒီအကြောင်း ပြန်ပြောရင် တောင် စုလတ်ဘယ်လောက် ရယ်လိုက်မလဲ သူတွေး၏ ။

တစ်ခါ….အေးမာ၏ အတွေးသည် သူတို့စသည့် နောက်သည့်ကြားမှ စိတ်ဆိုးဟန် နည်းနည်းမျှ မရှိပဲ ရယ်၍ လက်ပြနေသည့် ကိုချစ်ကိုကိုအား သတိရ မြင်ယောင်ပြန်သည်။

အားနာသလို စိတ်ကလေးတစ်ခု သူ့ရင်ထဲ လှုပ်ရှားသွားသည်။

“တို့….စတာ လွန်များသွားလား မသိဘူး၊ ကိုကို့ကို အားနာလိုက်တာ”

ထိုစဉ် သူတို့ဖယ်ရီကားသည် အေဒီလမ်းသွယ်ဘက်ချိုးဝင်လိုက်သဖြင့် အားလုံး၏ မျက်နှာပိုးများ သတ် လိုက်ကြသည်။

ခုနေခါမှာတော့ သူတို့ သိပ်မလှုပ်ရဲတော့။

ကျောင်းကကောင်တွေက သူတို့ထက် အပြန်တစ်ရာလောက်ကဲသည်။ သည်တစ်ခါ သူတို့ အမြီးကုပ်ရန်အလှည့်….။

*

(၃)

ပြန်တွေးကြည့်တော့ ကိုယ့်ကိုကိုယ်လည်း ပြန်ရှက်မိသည်။

သူအခုလုပ်နေသည့် ပုံစံက တကယ့် လူပျိုပေါက်၊ ဆယ့်လေးငါးခြောက်နှစ်သား အရွယ်လေး ရည်းစားစ ထားခါစပုံစံမျိုး။ ရင်ကလည်း ခုန်လိုက်သည့်ဖြစ်ခြင်း၊ လက်ဖျား ခြေဖျားများပင် အေးစက်နေသယောင်ထင်ရသည်။

အိမ်သာတံခါးပိတ်ပြီးသည်အထိ သူ့စိတ်သည် လုံးဝ ဂနာမငြိမ်။

အေးမာပစ်ပေါက်လိုက်သည့် စာရွက်ထုပ်ကလေးကို လက်ထဲကိုင်ပြီးသည့် အချိန်မှစ၍ တထိတ်ထိတ်နှင့် ဖတ်ရန် နေရာများစွာ ရှာခဲ့ရသည်။

ကွမ်းယာဆိုင်တွင်ပြန်ထိုင်၍ ဖတ်ရမှာလည်း သူမရဲ၊ ကွမ်းယာဆိုင်မှမဟုတ်၊ မည်သည့်လူမြင်ကွင်းမှာမှကို မဖတ်ရဲ၊ အခန်းထဲမှာတော့ ပိုဆိုးရော့မည်။

ထို့ကြောင့် မြီးကောင်ပေါက် ကောင်မလေးတွေ ကောင်လေးတွေ လုပ်နည်းကား အတိုင်းပင် အိမ်သာထဲ၌ ခိုးဖတ်ရန်အကြံရသည်။

စောစောတုန်းကတော့ သည်လောက် မတွေးမိသေး။ စာဖတ်ရန်သာ စိတ်စောနေမိသည်။ ခု အိမ်သာတံ ခါး ပိတ်ပြီးမှ သူ့ကိုယ်သူပြန်တွေး၍ ရယ်ချင်လာသည်။

သူကိုယ်တိုင်ပင် အသက်ဆယ်နှစ်လောက် ပြန်ငယ်သွားသလို ခံစားနေရသည်။

“အို....ဒါကတော့ အသက်နဲ့ မဆိုင်ပါဘူး၊ ခံစားမှုနဲ့ပဲဆိုင်တဲ့ဥစ္စာ၊ ခံစားမှုက နုနုငယ်ငယ် ခံစားမှုပဲ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့”

သူ့စိတ်ကို သူ ပြန်ဖြေရှင်းသည်။

"အေး....ကောင်းတယ်၊ လုပ်သာလုပ်၊ ဘယ်သူ့မှ ဂရုမစိုက်နဲ့"

သူ့စိတ်က သူ့ပြန်အားပေး၏။

ကိုချစ်ကိုကိုလည်း သူ့ဘာသူ ဖြစ်ပျက်နေပုံကို သဘောကျ၍ အိမ်သာအမိုး မျက်နှာကြက်ဖြူဖြူကို ကြည့် ရင်း နှစ်ခြိုက်စွာ ပြုံးမိ၏။

ထို့နောက် အိမ်သာနောက်ဘက်နံရံကို ကျောဖြင့်မှီရင်း လက်ထဲမှ လုံးထွေး၍ ချေးစိုနေသော စာရွက်က လေးကို ဖြန့်ကြည့်ရန် ပြင်သည်။

စိတ်ထဲမှာ တစ်စုံတစ်ခုကို တွေးမိလိုက်၏။

"ငါ့မျှား နောက်သွားတာများလား"

ဂမ်းသာမည်ပြုသော စိတ်သည် တုံ့ကနဲ ဖြစ်သွား၏။

မပြောနိုင်၊ အေးမာတို့အရွယ်က ထင်တာလုပ်၊ ထင်တာပြော၊ လောကကို ဂရုမစိုက်သေးသည့်အရွယ်။ ပြီး တော့ ဘာကိုမှ လေးလေးနက်နက် တွေးပုံလည်း မရ၊ သည်တော့ သည်စက္ကူထုပ်သည် စာဟုတ်ချင်မှဟုတ်မည်။

သူတို့စားထားသည့် ဇီးစေ့များထုပ်ထားသည့် စက္ကူထုပ်လည်း ဖြစ်နိုင်သည်။ သကြားလုံးလိုဟာမျိုး ပစ်ပေး လိုက်တာလည်း ဖြစ်နိုင်သည်။ အထုပ်က ဖုတုတုဖြစ်နေသည်။

သည်လိုသာဆိုယင်ဖြင့် ကိုယ့်ဘက်က ခံစားမှုတွေ ဘာတွေနှင့် တုန်တုန်ယင်ယင် ဖြစ်နေသော အဖြစ် သည် လုံးဂ အဓိပ္ပာယ်မရှိတော့။ သူများကြားလျှင် ရယ်စရာသက်သက်ပင် ဖြစ်နေပေအုံးမည်။

စိတ်ဓာတ်ကျသလို ဖြစ်သွား၏။

လက်က စာရွက်ထုပ်ကိုင်ထားရင်းနှင့် အတွေးဝင်သွားသဖြင့်

အိမ်သာအခန်းထောင့် နံရံကိုငေးနေသော မျက်လုံးများသည် အိမ်ဆောက်နေရာက ပြုတ်ကျသွားသော အမြေးတန်းလန်းဖြင့် ပင့်ကူလေးကို မြင်လိုက်၏ ။

စောစောက ခုန်နေသော ရင်နေရာတွင် ရှက်ကိုးရှက်ကန်းစိတ်များ ဝင်လာ၏ ။ သည်တော့မှ တည်တည် ငြိမ်ငြိမ် ဖြစ်လာသည်။

သို့သော် စာထုပ်ကိုတော့ မဖြေ၍ မဖြစ်၊ သူ့ဘက်က နှစ်မျိုးတွေးထားသလို စာ၏ ဖြစ်နိုင်စွမ်းမှာလည်း နှစ် မျိုးရှိသည်။ တစ်ခုက ဘာမှမဟုတ်၊ တစ်ခုက ဟုတ်ကိုဟုတ်နိုင်သည်။

အကောင်းဆုံးက ဖြေကြည့်လိုက်တာပဲ ရှင်းသွားတာပေါ့ဟု ကိုယ့်ကိုကိုယ် တိုက်တွန်း သည်။

စာရွက်ထုပ်လေးကို ခက်ခက်ခဲခဲ ဖြေလိုက်၏ ။

ရင်ဂကို အလုံးတစ်လုံး ဒိန်းကနဲ ပြေးဆောင့်သည်။

"ကိုကို"

"အား….ဟုတ်ပြီ"

ဝမ်းသာစိတ်မြင့်တက်ချိန်တွင် ရင်သည် ဦးဆုံးကထက်ပင် ပိုခုန်လာ၏ ။

စာရွက်ကို ဖြန့်နေသော လက်များပင် တုန်တုန် ယင်ယင်ဖြစ်လာသည်။

စာရွက်ကြေကြားမှ ခဲဖျက်လေး တစ်တုံး ထွက်လာ၏ ။ ပန်းရောင်ကြည်ကြည် နိုင်လွန်ခဲဖျက်ကလေး၊ စာရွက်ကို သူ့ထံရောက်စေရန် အလေးပစ္စည်း တစ်ခုအနေဖြင့် ထည့်ထားခြင်းဖြစ်မည်။

မျက်လုံးထဲသို့ အေးမာ၏ လက်ရေးဝိုင်းဝိုင်းကလေးများက အပြေးအလွှား ဝင်ရောက်လာသည်။

အေးမာ သူငယ်ချင်းတွေကို ကိုကို့အကြောင်းပြောပြထားပါတယ်….

ရုံးရှေ့မှာ ကိုကိုရှိနေလိမ့်မယ်ဆိုတော့ သူတို့က ဒါဖြစ်ရင် တို့ဝိုင်းစမယ်၊ နင့်ကိုကိုက စိတ်ဆိုးတတ်လားလို့ မေးတယ်၊ အေးမာက စိတ်မဆိုးတတ်ပါဘူး လို့ ပြောလိုက်တယ်၊ အဲဒါ သူတို့ ကိုကို့ကို ဝိုင်းစကြလိမ့်မယ်၊ ကိုကို စိတ်မဆိုးပါဘူးနော်....သူတို့က မုန်းလို့စတာမှ မဟုတ်တာ၊ နော....ဦးလေးကြီးရယ်

**တူမလေး**

**အေးမာ**

စာဖတ်ပြီးသောအခါ သူ့မျက်နှာသည် ပြုံးပြုံးကြီး ဖြစ်နေကြောင်း သတိထားလိုက်မိ၏ ။

တစ်ခန်းလုံးတွင် ပြည့်ပျံ့နေသော အနံ့ဆိုးများသည် ရေမွှေးနံ့၊ ပန်းနံ့များကဲ့သို့ ဖြစ်လာ၏ ။

အိမ်မှာသာ ဆိုလျှင်....

“ဟီး ဟီး”ဟု တအားအော်ရယ်ကာ ခုတင်ပေါ်တွင် နှစ်ပတ်ကျွမ်း သုံးပတ်ကျွမ်း ထိုးပစ်လိုက်ပေပြီ။

ခုတော့ သည်လိုလုပ်နိုင်သည့် အခွင့်အရေးက မရှိ၊ ဝမ်းသာအားရ ထခုန်လိုက်လျှင်ပင် ချေးပြတင်းပေါက် ထဲ ခြေကျွံကာ ထောပတ်လူးသော ခြေသလုံး ဖြစ်သွားနိုင်သည်။

ထို့ကြောင့် ဝမ်းသာသောစိတ်ကို အသာပိတ်၊ တိတ်တိတ်ကလေး အူမြူးကာ စာရွက်ခေါက်လေးကို ခေါက် ရိုးကျိုး၍ နာကျင်မသွားစေရန် ယုယုယယခေါက်၍ အကျႌအိတ်ထဲ ထည့်လိုက်၏ ။

ခဲဖျက်ပန်းရောင်လေးကိုလည်း အားရပါးရ နမ်းလိုက်သည်။

ခဲဖျက်၏ ရာဘာနံ့ကို အိမ်သာ အောက်ဘက်မှ တက်လာသောအနံ့က ဖုံးလွှမ်းသွားပြီး သူ့နှာခေါင်းထဲတ လုံးတရင်းနှင့် ဝင်ရောက်လာ၏ ။

အပြင်ပြန်ထွက်လာသောအခါ သူ့ဦးခေါင်းသည် အပေါ်ဘက်သို့ တစ်ဆယ်ဒီဂရီခန့်မော့နေ၍ သူ့ရင်သည် မြေပြင်နှင့် ကိုးဆယ်ဒီဂရီ တိတိမတ်ပြီး တည်နေသည်။

သူ့အောက်မှ မြေကြီးသည် ဂွမ်းပုံ နုနုအိအိကြီး ဖြစ်နေ၏ ။

အိမ်သာနံရံမှ စောစောက ပင့်ကူလေးသည် သူ့လျှောကျရာ ကြိုးစမှ ပြန်တက်၍ သူ့ကိုယ်မှ ထွက်သော အ မျှင်များဖြင့် သူနေစရာ အိမ်ကလေးတစ်အိမ် တည်ဆောက်နေလေပြီတကား။

*

(၄)

"ကိုချစ်ကိုကို အဘိုးကြီးက ခဏ တဲ့"

သီးသန့်ရုံးခန်းထဲမှ ဖိုင်တစ်ထပ်ကိုင်၍ ထွက်လာသော ကိုမြင့်သိန်းက သူ့ကို လှမ်းပြောလိုက်သည်။

ရုံးအနေနှင့် သာမန် ခေါ်ရိုးခေါ်စဉ်မျှသာဖြစ်၍ သူ့စိတ်ထဲတွင် မည်သို့မှ ထူးခြားပြောင်းလဲမှု ဖြစ်မသွား။

သို့သော် နေ့လယ်နားချိန်အပြီး အလုပ်စလုပ်ရန် ပြင်ဆင်ထားသော စာရွက်စာတမ်းများကို ကပျာကသီ ကောက်သိမ်း၍ သွက်သွက်လက်လက် ထလာခဲ့သည်။

ဤသည်မှာ သူ့အကျင့်လို ဖြစ်နေပေပြီ။

ဦးလှဖေနှင့် ပတ်သက်လျှင် သူ ဘယ်သောအခါမျှ တုံ့ဆိုင်းမနေတတ်၊ သူ့ဘက်က ဦးလှဖေနှင့် ပတ်သက် လျှင် အမြဲ လိုလို လားလားနှင့် တက်တက်ကြွကြွရှိတတ်ကြောင်း သူအမြဲပြသည်။

အဘိုးကြီး၏ ကျေးဇူး သူ့မှာ အပြည့်ရှိသည်။

သူဘွဲ့ရပြီးနောက် ဘွဲ့ရပြီးခါစ လူများ၏ ထုံးစံအတိုင်း ခေတ်စကားနှင့် ပြောလျှင် ယောင်တောင်ပေါင် တောင်နှင့် ဘဝပျက်နေခဲ့သည်။

ကျောင်းသားဘဝက မြူးတူးပျော်ပါးရင်း ဆောက်လုပ်ဖန်တီးထားခဲ့သည့် လေထဲမှ တစ်ထပ်တိုက်ကလေး အခြေယိုင်စပြုသည့်အချိန်။

နေ့စဉ် သတင်းစာများမှ အလိုရှိသည် ခေါင်းစည်းဖြင့် မြင်သမျှ အလုပ်ကို ဟုတ်ဟုတ် မဟုတ်ဟုတ် လျှောက်လွှာတင်၊ စာမေးပွဲဖြေ၊ ဟိုကပ် သည်ကပ် လုပ်ရင်း ကံကောင်းထောက်မစွာ ဒီရုံးမှာ အလုပ်ဝင်ရသည်။

ဤကံကောင်းထောက်မစွာဆိုသည့်စကားတွင် အဘိုးကြီး၏ အထောက်အပံ့ကို မထည့်၍ မဖြစ်။ ဒီရုံးနှင့် ပတ်သက်၍ သက်ဆိုင်ရာ သက်ဆိုင်ရာတို့ကို အကဲခတ်လိုက်သော အခါ အဘိုးကြီးကိုသွားတွေ့သည်။ အဘိုးကြီးနှင့်ပတ်သက်၍ လေ့လာလိုက်သောအခါ ကြီးမေတို့နားမှ ဆိုင်ရှင်လင်မယားနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေ သည်။

သူတို့မှ တဆင့် အဘိုးကြီးဆီ ဝင်ရောက် လိုက်သောအခါ အဘိုးကြီးက....

"အလုပ်နဲ့ ပတ်သက်လို့ ရဖို့မရဖို့ ကိစ္စ ဆိုတာကတော့ ငါနဲ့ ဘာမှမပတ်သက်ဘူး မောင်ချစ်ကိုကို၊ ပတ် သက်နေရင်လဲ မင်းမို့ဆိုပြီး ငါ ဘာမှလုပ်မပေးနိုင်ဘူး၊ ဒါကတော့ အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ ငါ့မူပဲ၊ အဲ....ဒါပေမယ့် အလုပ်ထဲကို မင်းအရည်အချင်းနဲ့မင်း ဝင်လာနိုင်ခဲ့ရင်တော့ လုပ်ငန်းကိုင်ငန်းတွေ နားလည်သဘောပေါက် အောင်၊ လုပ်တတ်ကိုင်တတ်အောင်၊ စိမ်းမနေအောင်တော့ ငါလုပ်ပေးမယ်၊ ငါကူညီနိုင်တာကတော့ ဒါပဲ"

ထိုနောက် သူတို့အလုပ်ခွင်နှင့်ပတ်သက်၍ သိသင့် သိထိုက်သော ဗဟုသုတအချို့ကို ပြောပြသည်။

ကံကောင်းချင်တော့ အလုပ်ဝင်စာမေးပွဲတွင် မထင်မှတ်ပဲ လုပ်ငန်းခွင်နှင့်ပတ်သက်သည့် အမေးပုစ္ဆာများ ပါလာသည်။ မေးခွန်းထုတ်သည့် ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေး အဖွဲ့ကို အဘိုးကြီးဘာမှ ဝင်စွက်ဖက်ခွင့် ရှိသည် မဟုတ်။ အဘိုးကြီးက လုပ်ပေး၍ မဟုတ်၊ အလုပ်ကိုချစ်သော အဘိုးကြီး၏ အလ္လာပ သလ္လာပ စကားများသည် ကို ချစ်ကိုကိုအတွက် အကောင်းဆုံးမှတ်စုစာအုပ်ကြီးဖြစ်သွားသည်။ အဘိုးကြီး၏ စကားများကို ဂရုတစိုက်နားထောင် ခဲ့သော ကိုချစ်ကိုကို စာမေးပွဲမှာ အဆင်ပြေသွားသည်။

ထို့ကြောင့် ကိုချစ်ကိုကို အလုပ်ရသည်။

ထို့နောက် အလုပ်ထဲတွင် အဆင်ပြေပြေလှုပ်ရှားနိုင်သည်။

ကိုချစ်ကိုကိုက ဖောင်တိန်ကို အိတ်ထဲထည့်ရင်း ဦးလှဖေရှိရာ အခန်းအတွင်းသို့ ဝင်လာခဲ့သည်။

"ထိုင်....မောင်ချစ်ကိုကို"

ဦးလှဖေ၏ အသံမှာ ခါတိုင်းနှင့် ဘာမှမထူး။ တည်ငြိမ်မြဲ တည်ငြိမ်နေသော်လည်း သူ့မျက်နှာမှာ ခါတိုင်းနှင့် မတူဟု ကိုချစ်ကိုကို သတိထားမိသည်။

အဘိုးကြီး၏ နဖူးပေါ်မှ အရေးအကြောင်းများသည် ခါတိုင်းထက် ပို၍ ထင်ပေါ်နေသလို မျက်လုံးများမှာ လည်း မသိမသာ အံ့ဆိုင်းနေသည် ထင်၏ ။

"အန်ကယ်....ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

ကိုချစ်ကိုကိုက ကုလားထိုင်တွင် မထိုင်မီ ခြေစုံရပ်၍ ရိုကျိုးသော မျက်နှာဖြင့် ပြောသည်။

ဦးလှဖေက လက်ဟန်ဖြင့် ထိုင်ခိုင်းရင်း....

"အေး....ဟုတ်တယ် မောင်ချစ်ကိုကို၊ အလုပ်ကိစ္စတော့ မဟုတ်ပါဘူး၊ အန်ကယ့် ကိုယ်ရေးကိုယ်တာ ကိစ္စ တစ်ခုနဲ့ပတ်သက်ပြီး မောင်ချစ်ကိုကိုနဲ့ တိုင်ပင်စရာရှိလို့"

ကိုချစ်ကိုကို၏ စိတ်ထဲတွင် အနည်းငယ် ထူးဆန်းသလို ဖြစ်သွား၏ ။ ဘာများပါလိမ့်ဟူသော အတွေးက လည်း ချက်ချင်းဝင်လာသည်။ ဒီပုံစံမျိုးဖြင့် အဘိုးကြီး သူ့ကို တစ်ခါမှ မဆက်ဆံခဲ့ဖူးချေ။

"ဟုတ်ကဲ့၊ ပြောပါ အန်ကယ်"

သူက ကုလားထိုင်တွင် ခပ်ရို့ရို့ထိုင်ရင်း ပြောလိုက်သည်။ အဘိုးကြီးသည် သူ့ရှေ့မှ ပြည်ပပို့ ဒူးယားဗူး အညိုနှင့် ဒန်းဟေးကုမ္ပဏီလုပ်

ဓာတ်ငွေ့မီးခြစ်လေးကို ရှေ့တိုးပေးရင်း....

“သောက်ကွာ မောင်ချစ်ကိုကို၊ လွတ်လွတ်လပ်လပ်ပဲနေပါ၊ အန်ကယ်လဲ မင်းကို သွေးရင်း သားချင်းတစ် ယောက်လို ပြောရမှာပါ”

“ဟုတ်ကဲ့”

ကိုချစ်ကိုကိုက အလိုက်သင့် ပြန်ပြောရင်း စားပွဲပေါ်ရှိ ဒူးယားဗူးထဲမှ စီးကရက်တစ်လိပ်ထုတ်၍ မီးညှိ သောက်လိုက်သည်။

“ဒီလို မောင်ချစ်ကိုကို”

အဘိုးကြီးက စကားစချီပြီး ချက်ချင်း ဆက်မပြောသေး။ ကိုချစ်ကိုကို၏ မျက်နှာကို အတန်ငယ် အကဲခတ် သလို ကြည့်လိုက်၏ ။ ကိုချစ်ကိုကိုက ခေါင်းညိတ်ပြီး....

“ဟုတ်ကဲ့ ပြောပါအန်ကယ်”

ဦးလှဖေက ခေါင်းတညိတ်ညိတ်လုပ်၍ ဆေးလိပ် မီးခိုးများကို လေရှည်ဆွဲ၍ မှုတ်လိုက်သည်။

“မောင်ချစ်ကိုကိုလဲ အန်ကယ့်အကြောင်းကို သိသင့်သလောက်လဲ သိပြီးဖြစ်ပါလိမ့်မယ်”

မည်သည့်အကြောင်းကို ရည်ရွယ်ပြောသည်ဆိုခြင်းကို ဖြူန်းစားကြီး အစရှာမရ။ သို့သော် ဦးခေါင်းအလိုလို ညိတ်ပြီးသားဖြစ်သွား၏ ။ ဦးလှဖေက ဆက်၍ ....

“အန်ကယ့် ဇနီးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်က ဆုံးခဲ့တယ်၊ အဲဒီ အချိန်က အန်ကယ်ဟာ အရွယ်ကောင်းပဲ ရှိသေးတယ်”

ဖြတ်ကနဲ ဦးလှဖေမျက်နှာကို သူ လှမ်းကြည့်လိုက်သည်။ ခုလည်း အရွယ်ကောင်းပါပဲ၊ သူ့စိတ်ထဲတွင် ထိတ်ကနဲ ဖြစ်သွား၏ ။

"ကြားသားမိုးကြိုး၊ ငါ့ကြီးဒေါ် အပျိုကြီးကို သူလိုချင်လို့များ စကားပျိုးနေတာလား မသိဘူး"

သူ့အတွေးကို ချက်ချင်းဖျောက်ပစ်လိုက်၏ ။ ဤကိစ္စတော့ မဟုတ်နိုင်၊ သည်ကိစ္စသာဆိုလျှင် သူပင် သိ လိုက်ရမည်မဟုတ်၊ ပြီးတော့ အဘိုးကြီးမျက်နှာက ခုလိုလည်း ညှိုးနေမည် မဟုတ်။

"ဦးနေရာမှာ ဘယ်သူမဆို တစ်ပင်ထူမှာ အမှန်ပဲ၊ ထူလဲထူနိုင်ဖို့ အခွင့်အလမ်းတွေ အများကြီး ရခဲ့ပါတယ်၊ ဒါပေမယ့်...."

အဘိုးကြီး၏ စကားလမ်းကြောင်း ဦးတည်ဘက်ကို သူ ရှာသည်။ သို့သော် မှန်းဆ၍ မရ။

"ဦး အားလုံးကို ငြင်းပယ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦး သိပ်ချစ်တဲ့ ဦးဇနီးက ဦးအတွက် သားလေး တစ်ယောက် ထားခဲ့လို့ပဲ"

အဘိုးကြီး၏ မျက်နှာတွင် ဆွေးရိပ်ဟု ထင်ရသော မှိုင်းညို့ညို့ အရိပ်တစ်ခု ဖြတ်သန်းသွားသည်။ သူ့မျက် လုံးများသည် အခန်းကျဉ်း၍ ထူထဲသော နံရံများကို ဖြတ်၍ အဝေးတစ်နေရာသို့ ကြည့်နေသည့် အကြည့်မျိုး။

ကိုချစ်ကိုကိုသည်ပင် သူ တစ်ခါမှ မမြင်ဖူးသေးသည့် အဘိုးကြီး၏ သားဆိုသည်ကို ပုံဖော်ကြည့်မိလိုက်၏ ။ ဆံပင်တိုတို၊ အဝတ်အစားကို သေသေသပ်သပ် ဝတ်စား၍ ပညာကြိုးစားထူးချွန်သော အဘိုးကြီး၏ ကိုယ်ပွား ပုံတူလေး တစ်ခု။

အဘိုးကြီးက ဆက်ပြောသည်။

"ခုဆိုရင် အဲဒီ သားဟာ၊ ဒေသကောလိပ်မှာ ပထမနှစ်ကျောင်းသားတောင် ဖြစ်နေပြီ၊ ဒါပေမယ့်....ဦးသား ဟာ ဦးမျှော်လင့်ထားသလို၊ လိမ်လိမ်မာမာနဲ့ ပညာထူးထူးချွန်ချွန်

ယောက်ျားတစ်ယောက် ဖြစ်မလာဘူး”

ဦးလှဖေ၏ မျက်နှာသည် သိသိသာသာ အိုမင်းရင့်ရော်သွားသည်ထင်ရ၏။ သူ့မျက်နှာကိုကြည့်၍ ကိုချစ် ကိုကိုပင် စိတ်မကောင်းဖြစ်သွားသည်။

“ခု....အဲဒီ ကောင် အိမ်မှာ မရှိတာ တစ်ပတ်လောက်ရှိပြီ”

သူ့စကားအဆုံး ကိုချစ်ကိုကိုသည် အံ့အားသင့်သော မျက်နှာဖြင့် လှမ်းကြည့်လိုက်၏။ ဦးလှဖေက ခေါင်း ညိတ်ရင်း....

“ဟုတ်တယ် မောင်ချစ်ကိုကို၊ ဘာကြောင့်မှန်း မသိ၊ ဘာမှန်း မသိပဲနဲ့ ဒီကောင် အိမ်ပေါ်က ဆင်းသွားခဲ့ တာ တစ်ပတ်လောက်ရှိပြီ၊ စာတစ်စောင်တော့ ရေးထားခဲ့ပါတယ်၊ သူ စိတ်ညစ်လို့ စိတ်ပြေလက်ပျောက် ခရီး တစ်ခု ထွက်သွားတယ် ဖေဖေ၊ စိတ်မပူပါနဲ့တဲ့၊ ဒါပေမယ့်ကွာ....သားလုပ်တဲ့သူ ဘာမှန်းမသိ ညာမှန်းမသိ၊ အိမ်က ထွက်သွားတယ်ဆိုတော့ ဖအေတစ်ယောက်အနေနဲ့ ဘယ်လိုနေမလဲ၊ မောင်ချစ်ကိုကိုပဲ တွေးကြည့်ပေါ့”

“ခုထိ ပြန်မလာသေးဘူးလား....အန်ကယ်”

သိချင်စိတ်က လှုံ့ဆော်လာသဖြင့် ကိုချစ်ကိုကိုက စကားကိုဖြတ်၍ ဝင်မေးသည်။ ဦးလှဖေက ခေါင်းခါ ရင်း....

“ပြန်တော့ မလာသေးဘူး၊ ဒါပေမယ့် ဘယ်မှာရှိနေတယ်ဆိုတာတော့ သိပြီပေါ့ကွာ”

“ဘယ်မှာတဲ့လဲ....အန်ကယ်”

ဦးလှဖေက သူ့လက်ထဲမှ တိုသွားသော စီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်ပြီး....

“မန္တလေးမှာ....”

"ဗျာ....မန္တလေးမှာ ဟုတ်လား"

သူ့စိတ်ထဲတွင် ဒီလောက်ဝေးသည့် မိုင်လေးရာ ခရီးလောက်ကို ဖခင်မသိအောင် ထွက်သွားသည့် ကောင်လေး၏ စိတ်ညစ်ရခြင်းအကြောင်းရင်းကို စူးစမ်းကြည့်မိသည်။

"ဟုတ်တယ် မောင်ချစ်ကိုကို၊ မန္တလေးရောက်နေတယ်လို့ ဦးရဲ့ညီတစ်ဝမ်းကွဲ၊ မန္တလေးက ဦးကျော်ညွန့်ဆီ က မနက်က ဖုန်းလာတယ်၊ မပူပါနဲ့တဲ့၊ သူ့ဆီမှာ ရောက်နေပါတယ်တဲ့၊ သူပြန်လွှတ်တော့ ဒီကောင်က မပြန်ချင်သေးဘူးလို့ ပြောတယ်တဲ့"

ကိုချစ်ကိုကိုစိတ်ထဲတွင် ဇဝေဇဝါဖြစ်လေသည်။ အဘိုးကြီးက ဘာကြောင့် ဒီစကားများကို သူ့ကို ပြော နေသနည်း၊ ရင်တွင်းမှ သောကကို သက်သာစေရန် တစ်စုံတစ်ယောက်အား ရင်ဖွင့်ပြောနည်းကားမျိုး ပြောနေခြင်း တော့ မဟုတ်တန်ရာ....

"ဆရာ လက်ဖက်ရည်"

အခန်းဝဆီမှ အသံကြား၍ ကိုချစ်ကိုကို လှည့်ကြည့်လိုက်သည်။ ရုံးတွင်းရှိ မိုးဆောင်း လက်ဖက်ရည်ဆိုင်မှ ကိုတင်ရွှေ၊ သူ့လက်ထဲတွင် လင်ဗန်းတစ်ချပ်၊ လင်ဗန်းထဲတွင် လက်ဖက်ရည်နှစ်ခွက်၊ မုန့်ပန်းကန် တစ်ချပ်။

"အေး....ထားခဲ့ကွာ....ခဏနေတော့ လာသိမ်းပေ့ါ"

ကိုတင်ရွှေက လက်ဖက်ရည်ဗန်းကို စားပွဲပေါ်သို့ ရိုသေစွာလာချသည်။ ကိုချစ်ကိုကိုစိတ်ထဲတွင် တစ်စုံ တစ်ခု ကို တွေးမိလိုက်၏ ။ လက်ဖက်ရည်တိုက်ပြီး ပြောတဲ့စကားဆိုရင်တော့ ခုနက အတွေးသည် သာ၍ ပင် မဖြစ်နိုင်တော့ချေ။

*